

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း (REDD +) အစီအစဉ်တွင်

# ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ် (SIS)

ဌာနေတိုင်းရင်းသားလူမျိုးများအတွက် ဘာတွေလုပ်ဆောင်ပေးသင့်သလဲ။

**ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်အပေါ်**
**AIPP မှ SBSTA သို့ တင်သွင်းချက်**
**စက်တင်ဘာလ ၂၄ ရက်၊ ၂၀၁၄**

AIPP

POINT
Promotion Of Indigenous and Nature Together
ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

IWGIA

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံနှင့် စပ်လျှင်းသည့် ၁၉ ကြိမ်မြောက် ပါတီများညီလာခံ (COP 19) ၏ ဆုံးဖြတ်ချက်အရ ရလဒ်အခြေပြုငွေကြေးထောက်ပံ့မှုကို ဝင်ရောက်ကြည့်ရှုနိုင်ရန် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုအစီအမံများကို မည်သို့လေးစား ကိုင်တွယ်သည်ဆိုသည့်အချက်များနှင့် ပတ်သက်သော နောက်ဆုံးရ သတင်းအချက်အလက်များ၏ အနှစ်ချုပ်ကို အဖွဲ့အစည်းများမှတင်ပြရန်ဖော်ပြထားပါသည်။ သို့သော် ဤကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစီအမံများသည် မည်သို့ထိရောက်စွာနှင့် မည်သည့်အတိုင်းအတာထိ ကိုင်တွယ်လုပ်ဆောင်သင့်သည်ဆိုသည့်အချက်ကိုမူ ရှင်းလင်းစွာဖော်ပြထားခြင်းမရှိချေ။ REDD+ ၏လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသောဌာနေတိုင်းရင်းသားတို့အတွက်ဖြစ် ပေါ်လာနိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကို ထိန်းကျောင်းပေးနိုင်မည့် နည်းလမ်းများနှင့် သက်ဆိုင်သည့် အချက်အလက်များပါဝင်မှုမရှိချေ။ ပီးရူးနိုင်ငံ၊ လီမာမြို့ COP 20 တွင်သိပ္ပံနှင့် နည်းပညာအကြံပြုခြင်းဆိုင်ရာအရံအဖွဲ့၏ ၄၁ ကြိမ်မြောက် မျက်နှာဆုံညီအစည်းအဝေးကျင်းပရန်ရှိသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်း (UNDRIP) နှင့် တိုင်းရင်းသားလူမျိုးတို့နှင့်သက်ဆိုင်သည့် သဘောတူညီချက်များ အစရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာသတင်းအချက်အလက်များစနစ် (SIS) ကိုအခြေခံကာ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးတို့ကိုကာကွယ်ပေးသည့် နိုင်ငံတကာလိုအပ်ချက်များကိုအားကောင်းစေရန် အခြားအဖွဲ့များမှတိုက်တွန်းရမည်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။ ထပ်လောင်း၍ REDD+ နိုင်ငံများအနေနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်ကို ဒီဇိုင်းရေးဆွဲရန်နှင့် REDD+ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအမံများအပေါ် အကောင်အထည်ဖော်ရန်၊ စောင့်ကြည့်ရန်နှင့် သတင်းပို့ရန်လိုအပ်သည့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံပြည်သူလူထုတို့၏ ပြည့်ဝထိရောက်စွာပူးပေါင်းပါဝင်မှုနှင့်အတူ လူ့အခွင့်အရေးကိုအခြေခံသည့် နိုင်ငံတကာစံနှုန်းလမ်းညွှန်များဖြင့် SBSTA ၏ ၄၁ ကြိမ်မြောက် မျက်နှာဆုံညီအစည်းအဝေးတွင် ထည့်သွင်းအတည်ပြုသင့်ကြောင်း အကြံပြုအပ်ပါသည်။

## ၁။ ကန်ကွန်း ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအမံများ – ဌာနေတိုင်းရင်းသားများအတွက် ဘယ်လိုအကျိုး သက်ရောက်စေလဲ

**သက်ဆိုင်ဆက်နွယ်သည့်နိုင်ငံတကာတာဝန်ဝတ္တရားများ၊ အမျိုးသားအဆင့် အခြေခံလိုအပ်ချက် များနှင့် ဥပဒေများ၊ ကမ္ဘာ့ကုလသမဂ္ဂဌာနေတိုင်းရင်းသားလူမျိုးများ ဆိုင်ရာအခွင့်အရေးကြေငြာစာတမ်း (UNDRIP)အား အတည်ပြုထားကြောင်းစသည့်အချက်များကို လေးစားလိုက်နာလျှက် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံပြည်သူလူထုတို့၏ အသိပညာနှင့်အခွင့်အရေးတို့ကို အသိအမှတ်ပြုလေးစားခြင်း။**

ဤကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစီအမံသည် ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေးကို လေးစားသည့်အချက်ကိုဖော်ပြပါ သည်။ ၎င်းအခွင့်အရေးများသည် UNDRIP တွင်ဖော်ပြထားသော မြေယာ၊ နယ်မြေဒေသနှင့် သဘာဝသယံဇာတများနှင့်ဆိုင်သည့် အခွင့်အရေးများ၊ ရွှေ့ပြောင်းတောင်ယာနှင့် ၎င်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ သဘာဝသယံဇာတစီမံခန့်ခွဲမှုစနစ်များပါဝင်သည့် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် မိရိုးဖလာအသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများပါဝင်ပါသည်။ ဤကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစီအမံသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းပြုစုထိန်းသိမ်းခဲ့သော ဌာနေအသိပညာအား အသိအမှတ်ပြုလေးစားစေရန် ဌာနေတိုင်းရင်းသားလူမျိုးများအနေနှင့် ဖော်ထုတ်ပြောဆိုနိုင်မည့်ခိုင်မာသည့် အခြေအနေတစ်ခုအား ပြင်ဆင်ပေးပါသည်။ လက်ရှိ REDD+ သဘောတူညီချက်၊ REDD+ နိုင်ငံများ၏ အစိုးရများအနေနှင့် ဤအခွင့်အရေးများအပေါ်အခြေခံ၍ ၎င်းတို့၏ ကတိကဝတ်များ ကိုစောင့်စီးပြီး၊ REDD+ အောင်မြင်မှုအတွက် အရေးကြီးသော အချက်အနေနှင့် ဤကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအမံအတွက် ခိုင်မာသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ရမည်ဖြစ်သည်။

### သက်ဆိုင်ရာပုဂ္ဂိုလ်များ အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံလူထုတို့၏ ပြည့်ဝထိရောက်စွာ ပူးပေါင်းခြင်း

ဤကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစီအမံသည် ဌာနေတိုင်းရင်းသားတို့၏ ပြည့်ဝရောက်စွာပူးပေါင်းမှုကို ကျေးရွာအရပ်ဘက်အဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်ရှိ REDD+ ဖွဲ့စည်းပုံများ၊ အစိတ်အပိုင်းများ နှင့်လုပ်ငန်းစဉ်တို့တွင် REDD+ ဆိုင်ရာ ကဏ္ဍအသီးသီးနှင့်အဆင့်ဆင့်တို့တွင် ပါဝင်စေပါသည်။ ၎င်းသည်ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များအတွက် ပတ်ဝန်းကျင်ဆိုင်ရာအားကောင်းမှု၊ လုပ်ထုံးလုပ်နည်းဆိုင်ရာကူညီမှုနှင့် ထောက်ပံ့မှုကိုလည်းဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် အောက်ခြေအဆင့်များ အတွက်လိုအပ်သော သတင်းအချက်အလက်များပါဝင်သည့် စာရွက်စာတမ်းများကို၎င်းတို့နားလည် သဘောပေါက်နိုင်သော ဘာသာစကားများဖြင့် ဘာသာပြန်ခြင်း နှင့်ဘာသာပြန်သည့်ဝန်ဆောင်မှုများကို ဖန်တီးပေးပြီး ခြိမ်းခြောက်မှု၊ ဘောင်ခပ်ခြင်းများမရှိဘဲ ၎င်းတို့၏ထိရောက်သောပူးပေါင်းပါဝင်မှုကို ပံ့ပိုးဆောင်ရွက်ပေးပါသည်။



### သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအားထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် အခြား လူမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများမြှင့်တင်ခြင်း

၎င်းသည်မှာ REDD+ အနေဖြင့် သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို မဖျက်ဆီးသင့် ကြောင်းကိုဆိုလိုသည်။ ထိုကြောင့် REDD+ လုပ်ငန်းစဉ်တွင် သဘာဝသစ်တောများမှ သစ်ထုတ်လုပ်ခြင်းများနှင့် စိုက်ခင်းများအဖြစ်သို့ ပြောင်းလဲခြင်းကို မပြုလုပ်ရန်တားမြစ်ထား ပါသည်။ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတန်ဖိုးများအပါအဝင် ၎င်းတို့၏ သစ်တောများနှင့်သက်ဆိုင်သည့် မြောက်များစွာသော ဆက်နွယ်မှုများကို အပြည့်အဝအသိအမှတ်ပြုရန်နှင့် ဦးစားပေးရမည်ဖြစ်သည်။ ထပ်လောင်းထည့်သွင်းစဉ်းစားရမည်မှာ၊ တရားမျှတပြီးမျှတသော အကျိုးရလဒ်ခွဲဝေမှုစနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဌာနေတိုင်းရင်းသားများကို ထိန်းသိမ်းရန်အတွက် အကျိုးရလဒ်ခွဲဝေမှုမှ ရရှိသည့်အကျိုးရလဒ်များကို ဌာနေတိုင်းရင်းသား လူမျိုးများနှင့် ဒေသခံလူထုတို့၏ ပါဝင်ပေးဆပ်မှုတို့အတွက် အချိုးမျှတစွာ ပေးအပ်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကိုခွဲခြားဆက်ဆံခြင်းမရှိဘဲ ဖြည့်ဆည်းပေးရမည် ဖြစ်သည်။

### ပွင့်လင်းမြင်သာပြီး ထိရောက်သော အမျိုးသားအဆင့် သစ်တောစီမံအုပ်ချုပ်မှုဘောင်များ

ထိရောက်သော REDD+ ၏ စံနှုန်းသည် အောက်ခြေဒေသရှိ သစ်တောစီမံအုပ်ချုပ်မှု စနစ်များ ကိုအားကောင်းမြှင့်တင်ပေးသည့် ပွင့်လင်းမြင်သာပြီး ထိရောက်သော အမျိုးသားအဆင့် သစ်တောစီမံအုပ်ချုပ်မှုဘောင်များ ဖော်ထုတ်မှုကိုဆိုလိုသည်။ ၎င်းအချက်သည် ကိုယ်ပိုင်စီမံအုပ်ချုပ်သည့် ယန္တရားများအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ နယ်မြေဒေသဆိုင်ရာအခွင့်အရေးနှင့် ဓလေ့ထုံးတမ်း အစဉ်အလာအရ သစ်တောစီမံခန့်ခွဲမှုစနစ်များ ဖော်ထုတ်မှုနှင့် ၎င်းတို့အပေါ်လေးစားမှုနှင့် ကာကွယ်မှုတို့ပါဝင်သည်။ REDD+ အကောင်ထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံစာတင်ခြင်းများအတွက် အဖွဲ့များနှင့်မူဘောင်များကို ချမှတ်ရမည်ဖြစ်ပြီး၊ ၎င်းအချက်အရ အဆင့်အသီးသီးတွင် တာဝန်ယူမှုစံနှုန်းများနှင့် ဌာနေတိုင်းရင်းသားများကို အခွင့်အရေးရပိုင်ခွင့်ရှိသူများနှင့် အခြားသက်ဆိုင်ရာပုဂ္ဂိုလ်များအဖြစ် ၎င်းတို့မှထိရောက်စွာပါဝင်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ၎င်းကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအမံတွင်လည်း ပွင့်လင်းမြင်သာမှု၊ လွတ်လပ်သော စောင့်ကြည့်မှုနှင့် အတည်ပြုစစ်ဆေးခြင်းတို့အတွက် မူဝါဒများလိုအပ်ပါသည်။ အခြားကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအမံများတွင် နောက်ပြန်လှည့်နိုင်သော အခြေအနေများကို ကိုင်တွယ်ရန်နှင့် အပူငွေ့ထုတ်လုပ်ခြင်းဆိုင်ရာ ချေဖျက်မှုများကို လျှော့ချရန်လုပ်ငန်းစဉ်များပါရှိပါသည်။ ၎င်းကာကွယ်မှုများသည် သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ရှင်းလင်းသည့် လုပ်ထုံးစံနှုန်းများအတွက် အထောက်အကူဖြစ်စေပြီး၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းများ၏ အဓိကအကြောင်းရင်းများနှင့် ၎င်းဖြစ်ပေါ်စေသည့် အချက်များကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန် လုပ်ငန်းစဉ်များဖြစ်ပါသည်။

၎င်းအချက်ကိုလုပ်ဆောင်မှုမရှိပါက REDD+လုပ်ငန်းစဉ်မှာ အောင်မြင်နိုင်မည်မဟုတ်ချေ။ ၎င်းအခြေအနေအရ၊ ရွှေ့ပြောင်းတောင်ယာ (၇-၁၀ နှစ်ပတ်လည် မြေအနားပေးခြင်း) အပါအဝင်မိမိတို့လူမှုဘဝ တိုးတက်ရေးအတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ မှီခိုလုပ်ကိုင်နေသော ဌာနေတိုင်းရင်းသားလူမျိုးတို့အား မတရားအပြစ်ဖို့လုပ်ဆောင်မှုမျိုး လုပ်ဆောင်ရမည်မဟုတ်ပေ။ ၎င်းတို့၏ သက်မွေးဝမ်းကျောင်း အလုပ်အကိုင်သည် ၎င်းတို့၏ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ (NTFP) အပေါ် မှီခိုလုပ်ကိုင်ရသောအရာများနှင့် ဆက်နွယ်လျှက်ရှိပေသည်။ ၎င်းအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များသည် ကာဗွန်သိုလှောင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းမြှင့်တင်ခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှုတို့အတွက် ကောင်းကျိုးများဖြစ်ထွန်းစေပြီး၊ သစ်တောပြုန်းတီးခြင်း၊ ကာဗွန်ထုတ်လွှတ်ခြင်း၊ သစ်တောအတန်းအစားကျဆင်းခြင်းတို့အတွက် အခြေခံအကြောင်းရင်းများမဟုတ်ချေ။ ထပ်လောင်းပြောဆိုရ မည်ဆိုလျှင်၊ ဌာနေတိုင်းရင်းသားများမှာ ရာသီဥတုပြောင်းလဲသည့် ပြဿနာများနှင့် ရင်ဆိုင်နေရခြင်းကြောင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များနှင့် စားဝတ်နေရေးပြေလည်စေရန် အခြားအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များနှင့် လုပ်ငန်းအထောက်အကူပြု ထောက်ပံ့မှုများကို ၎င်းတို့အားဖြည့်ဆည်းပေးရမည်ဖြစ်သည်။

## ၂။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်တွင် မည်သည့်အချက်များပါဝင်သင့် သလဲ

### ကန်ကွန်းကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအမံများကို အတည်ပြုရာတွင်ပါဝင်သည့် အဓိကအချက်များ

ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံပြည်သူလူထုတို့၏ အခွင့်အရေးများနှင့် သက်ဆိုင်သည့် ကန်ကွန်းသဘောတူညီချက်တွင်ပါရှိသော အချက်များအားလုံး၏ အဓိကအချက်များကို REDD+ နိုင်ငံများမှဖော်ထုတ်ပြီး လိုက်နာရမည်ဖြစ်ပြီး၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်အောက်၌ ၎င်းတို့၏စောင့်ကြည့်ခြင်းနှင့်သတင်းပို့သည့် ကိရိယာများအနေဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ဤ အဓိက အချက်များကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် အမျိုးသမီးများပါဝင်သည့် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပြည့်ဝထိရောက်စွာ ပါဝင်လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင်၊ ဤအချက်များသည် မူဘောင်၊ လုပ်ငန်းစဉ်နှင့် ရလဒ်ရည်ညွှန်းချက်များ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံလူမျိုးတို့၏ အခွင့်အရေးများနှင့် ရိုးရာအသိပညာများကို လေးစားသည့်အချက်များ ပါဝင်ရမည်ဖြစ်သည်။ ဤအခွင့်အရေးများသည် အဆိုပါအချက်များပါဝင်ပြီး အောက်ဖော်ပြပါအချက်များအပေါ် ကန့်သတ်ခြင်းမရှိပေ။

- ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာများ၊ ပိုင်နက်နယ်မြေဒေသများနှင့် သဘာဝသယံဇာတများအပေါ် ၎င်းတို့၏ အစုအဖွဲ့ ပိုင်အခွင့်အရေးကို တရားဝင်အသိအမှတ်ပြုခြင်း၊ ကာကွယ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။
- ဌာနေတိုင်းရင်းသားလူမျိုးတို့၏ရွှေ့ပြောင်းတောင်ယာ(၇-၁၀ နှစ်ပတ်လည် မြေအနားပေးခြင်း)နှင့် စီမံခန့် ခွဲမှုစနစ်အပါအဝင် ရေရှည်တည်တံ့သော မိရိုးဖလာ အသက်မွေးဝမ်းကြောင်းပညာများကို အသိအမှတ်ပြုခြင်း၊ ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်း။
- စုပေါင်းဆုံးဖြတ်ချက်ချသည့် ၎င်းတို့၏ ကိုယ်ပိုင်စနစ်အပါအဝင် ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းဥပဒေများ၊ ရိုးရာ အသိပညာနှင့် သစ်တောစီမံအုပ်ချုပ်မှု စနစ်များအပေါ် အသိအမှတ်ပြုခြင်းနှင့် လေးစားခြင်း။
- ဆုံးဖြတ်ချက်ချသည့်နေရာများနှင့် REDD+ လုပ်ငန်းစဉ်များတွင် ဌာနေတိုင်းရင်းသားများ၏ သင့်တင့်မျှတသောအချိုးစား ကိုယ်စားပြုခြင်း။
- ဌာနေတိုင်းရင်းသားများ၏ တိကျပွင့်လင်းသော ဘုံသဘောတူညီချက်နှင့်အတူ တရားမျှတသော အကျိုးအမြတ်ခွဲဝေမှု စနစ်နှင့် သဘောတူညီချက်များ။
- အောက်ခြေအဆင့်နှင့် နိုင်ငံတော်အဆင့်တို့တွင် နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းပေးသည့် လွယ်ကူထိရောက်သော စနစ်များ။

### ရိုးရာအသိပညာနှင့် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ စောင့်ကြည့်သည့်စနစ်များပေါင်းစပ်စုစည်းမှု

ဌာနေတိုင်းရင်းသားများသည် ကမ္ဘာပေါ်တွင် လက်ရှိကျန်ရစ်နေသေးသော သစ်တောများအတွက် စစ်မှန်သော ကာကွယ်ထိန်းသိမ်းသူများဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားတို့တွင် ၎င်းတို့၏ မြေယာ၊ နယ်မြေဒေသများနှင့် သဘာဝသယံဇာတများအပေါ် နက်နဲသည့် သမိုင်းအရဆက်နွယ်မှုနှင့် လူမှုယဉ်ကျေးမှုအရ ဆက်နွယ်မှုများရှိကြပါသည်။ ၎င်းတို့၏ ကိုယ်ပိုင်နည်းလမ်းများအရ၊ ၎င်းတို့သည် ၎င်းတို့၏ သစ်တောများနှင့် နယ်မြေဒေသများ၏ ဇီဝမျိုးစုံမျိုးကွဲကို စောင့်ကြည့်ကြပြီး၊ ထိုအချက်သည် ၎င်းတို့၏ ရေရှည်တည်တံ့သောလူမှုဘဝများနှင့် ပေါင်းစပ်တည်လျှက် ရှိပါသည် ဌာနေတိုင်းရင်းသားလူမျိုးများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် သစ်တောများနှင့် ယင်းတို့တွင်ဖြစ်ပေါ်နေသော စိန်ခေါ်မှုများအားလုံးကို သိနားလည်ကြပြီး၊ အစိုးရများထက် ကုန်ကျစာရိတ်များနည်းကာ ယင်းတို့ကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပေသည်။ သို့သော်၊ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ပုံစံများနှင့် ချဉ်းကပ်မှုများအပါအဝင် ဒေသခံတို့နှင့်အစိုးရတို့၏ စောင့်ကြည့်မှုစနစ်များအကြားတွင် ချိတ်ဆက်မှုမရှိချေ။ ဒေသခံများ၏ သစ်တောစောင့်ကြည့်မှုအပေါ် အခြေပြု၍ ၎င်းတို့မှ အချက်အလက်ကောက်ယူမှုသည် ကျွမ်းကျင်သော ပညာရှင်များမှ ကောက်ယူသောအချက်များနှင့် တစ်ထပ်တည်းကျ ကိုက်ညီမှုများရှိနေကြောင်း အထောက်အထားအခြေပြု လေ့လာမှုများမှ တဆင့် ဖော်ပြထားပါသည်။ ထို့ကြောင့်၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်ကို ပုံစံရေးဆွဲရာ၌ **REDD+** နိုင်ငံတို့သည် ဒေသခံတို့၏ စောင့်ကြည့်သည့်စနစ်များဖြင့် ပေါင်းစပ်ပြုလုပ်သင့်ပေသည်။ ထို့အပြင်၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်အတွက် လိုအပ်သောအချက်အလက်များ ဖော်ထုတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် တပြေးညီတင်ပြခြင်းများအတွက် ဒေသခံတို့၏ ထိရောက်သောပူးပေါင်းပါဝင်မှုကို အာမခံပေးသင့်ပေသည်။

### လူ့အခွင့်အရေးအတွက်ပြည့်ဝသောအသိအမှတ်ပြုလေးစားခြင်းနှင့် နစ်နာမှုများကိုကိုင်တွယ်ဖြေ ရှင်းပေးသည့် စနစ်များဖော်ထုတ်ခြင်း

**REDD+** နိုင်ငံများမှ ဌာနေတိုင်းရင်းသားတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုကာကွယ်ရန် နိုင်ငံတော်အဆင့်နှင့် အောက်ခြေဒေသအဆင့်တို့တွင် ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ပါသည်။ **REDD+**လုပ်ငန်းများနှင့် အစီအစဉ်များသည် အစိုးရများမှလိုက်နာရမည့် အခြားနိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်း **(UNDRIP)**ကိုပြည့်ဝစွာ လိုက်နာဆောင်ရွက်သင့်ပေသည်။ **REDD+** လုပ်ငန်းကြောင့် ဌာနေတိုင်းရင်းသားတို့အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ယင်းကျူးလွန်မှုများအတွက် အပြစ်ဒဏ်ချမှတ်မှုများကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ် အစီရင်ခံစာတွင်ပါဝင် ရမည်ဖြစ်သည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ် အစီရင်ခံစာတွင် ဒေသခံတို့၏ ထောက်ခံမှု၊ ပေါင်းစပ်ဖွဲ့စည်းမှု၊ ဘတ်ဂျက်ရသုံးမန်းချေငွေစာရင်းခွဲဝေမှု၊ တိုင်တန်းချက်များနှင့် နစ်နာမှုများအတွက် ပြစ်ဒဏ်ချမှတ်မှုများအပါအဝင် နိုင်ငံတော်အဆင့်နှင့် အောက်ခြေဒေသအဆင့်တို့တွင် နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းပေးသည့် စနစ်များလည်းပါဝင် ရမည်ဖြစ်သည်။



## ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု ကမကထ လုပ်ဆောင်မှုများ

ဌာနေတိုင်းရင်းသား လူမျိုးအများအပြားမှာ မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတများဆိုင်ရာ မိမိတို့၏ အစုအဖွဲ့ပိုင် အခွင့်အရေးများကို သိနားလည်မှုမရှိချေ။ ယင်းအခြေအနေကြောင့်၊ ၎င်းတို့အပေါ်တွင် ထိခိုက်ကျူးလွန်နေသော **REDD+** အစိုးရတို့၏ လုပ်ငန်းအစီအစဉ်များနှင့် အခြားဆက်နွယ်နေသော ကိစ္စရပ်များတွင် ၎င်းတို့ ပါဝင်ပတ်သက်မှုနှင့်သက်ဆိုင်သည့် ၎င်းတို့၏ အခွင့်အရေးများကို ၎င်းတို့မှ ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိချေ။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများအနေနှင့် ၎င်းတို့၏ အခွင့်အရေးများနှင့်ပတ်သက်သည့် ဗဟုသုတအသိပညာနှင့်ပြည့်ဝစွာနားလည်သဘောပေါက်ရန် လိုအပ်ပြီး ၎င်းတို့၏အခွင့်အရေးများ၊ လူမှုဘဝဖူလုံမှုနှင့် မျှော်မှန်းချက်များအပေါ် လေးစားခြင်းနှင့် ကာကွယ်ခြင်းတို့နှင့်ဆက်နွယ်နေသည့် **REDD+** ၏ ပတ်သက်မှုများကိုလည်း ကောင်းစွာနားလည်ရန် လိုအပ်ပါသည်။ **REDD+** ကဏ္ဍတွင် လုပ်ဆောင်နေသော အစိုးရအရာရှိများနှင့် အေဂျင်စီများသည် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများနှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် ၎င်းတို့၏ကျယ်ဝန်းနက်နဲသည့် ယဉ်ကျေးမှုများ၊ ဓလေ့များ၊ အခြေခံအဆောက်အအုံများ စုပေါင်းဆုံးဖြတ်ချက်များချသည့် ပုံစံစနစ်များ၊ တရားဝင်ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ကိုယ်ချင်းစာနားလည်ပေးရမည်ဖြစ်သည်။

သင့်လျော်သော ငွေကြေးများကိုပြင်ဆင်ပေးရမည်ဖြစ်ပြီး၊ သတင်းအချက်အလက်နှင့် အသိပညာ ပေးလှုံ့ဆော်မှုများအတွက် **REDD+** နှင့်သက်ဆိုင်သည့် သင့်လျော်သောစီစဉ်မှုနှင့် အကောင်အထည်ဖော်မှုကို ဌာနေတိုင်းရင်းသားလူမျိုးများနှင့် အခြားဆက်နွယ်ပါဝင်သူများအတွက် မိတ်ဖက်မှုများကို ဖော်ထုတ်ပေးပြီး၊ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများကိုအလေးထားကာ ၎င်းတို့၏ကွဲပြားနက်နဲသော ဘာသာစကားများနှင့် စာတတ်မြောက်မှုအဆင့်တို့ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ပေးရမည်ဖြစ်သည်။ အဓိကကျသော၍အချက်များသည် ပိုမိုကောင်းမွန်၍ အပြုသဘောဆောင်သော လုပ်ဆောင်မှုမျိုးများတွင် ကူညီပံ့ပိုးပေးရန် အလွန်အရေးပါလှပေသည်။ သို့ပါ၍၊ အထက်ဖော်ပြပါ အချက်များကို အခြေခံ၍ အစိုးရအာဏာပိုင်များမှပြုလုပ်သော စွမ်းဆောင်ရည်မြှင့်လုပ်ငန်းများဆိုင်ရာ သတင်းအချက်များကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်မှ ထည့်သွင်းဖော်ပြရမည်မှာ အလွန်အရေးကြီးသော အချက်ပင်ဖြစ်ပါသည်။

## သစ်တောများနှင့်သက်ဆိုင်သည့် မြောက်များစွာသောဆက်နွယ်မှုများ အသိအမှတ်ပြုခြင်းနှင့် မြှင့်တင်ခြင်း

ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံ **UNFCCC** တွင်ပါဝင်သောအဖွဲ့များမှ **REDD+** ၏ ရေရှည်ရပ်တည်မှုအတွက် ကာဗွန်နှင့်မသက်ဆိုင်သည့် အကျိုးကျေးဇူးများအပေါ် ဦးစားပေးလုပ်ဆောင်မှု၏ အရေးကြီးမှုကို အသိအမှတ်ပြုခဲ့ပြီးဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ နယ်မြေဒေသ စီမံအုပ်ချုပ်မှုစနစ်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ ဝိသေသလက္ခဏာ၊ ယဉ်ကျေးမှုနှင့် လူမှုဘဝများဖြစ်သည့် လူမှု၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတန်ဖိုးများအပါအဝင် မြောက်များစွာသော ပတ်သက်ဆက်နွယ်မှုများသည် သစ်တောများတွင်တည်ရှိနေပါသည်။ သို့ပါသောကြောင့် **REDD+** နိုင်ငံများမှ ဌာနေတိုင်းရင်းသားလူမျိုးများနှင့်ဆိုင်သော သစ်တောများနှင့်သက်ဆိုင်သည့် မြောက်များစွာသောဆက်နွယ်မှုများကို မည်သို့အသိအမှတ်ပြု ကာကွယ်၊ မြှင့်တင်ပေးသည်ကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်မှ ဖော်ပြရန်မှာ အလွန်ပင်လိုအပ်ပါသည်။ ဤအချက်တွင် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်မြှင့်တင်ခြင်း၊ ရေရရှိရန်အတွက် ရေဝေရေလဲဒေသများနှင့် သစ်တောစီမံခန့်ခွဲမှုနှင့် ကာကွယ်ခြင်းနှင့်သက်ဆိုင်သည့် အခြားကာဗွန်နှင့်မသက်ဆိုင်သည့် အကျိုးကျေးဇူးများမြှင့်တင်ရန် ရေဝေရေလဲတောများ ကာကွယ်ခြင်းများပါဝင်ပါသည်။



### ၃။ သတင်းအချက်အလက် အနှစ်ချုပ်ပြင်ဆင်ရန်အတွက် နည်းစနစ်များနှင့် လုပ်ငန်းစဉ်များ

၎င်းတို့၏ ယုံကြည်စိတ်ချမှုနှင့် ၎င်းတို့၏စနစ်အပေါ် ပိုင်ဆိုင်မှုကို ရရှိရန် ယင်းစနစ်အား ပုံစံရေးဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံစာတင်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားများမှ ပြည့်ဝထိရောက်စွာ ပူးပေါင်းပါဝင်ရမည်မှာ မရှိမဖြစ်လိုအပ်ပေသည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်တွင် ၎င်းတို့၏ ကိုယ်စားပြုမှုကို သာထည့်သွင်းရမည်မဟုတ်ဘဲ ၎င်းတို့၏အသံများကို နားစွင့်ကာအခွင့်အရေးများကို လေးစားအကောင်အထည် ဖော်ဆောင်ပေးရမည်ဖြစ်ပြီး၊ လိုအပ်ပါက ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ၎င်းတို့မှ ထိရောက်စွာ ပါဝင်နိုင်ရန် ၎င်းတို့အတွက် စွမ်းဆောင်ရမည့်မြှင့်တင်မှုများကို လုပ်ဆောင်ပေးရမည် ဖြစ်သည်။ ထို့အပြင် ပြင်ဆင်မှုစနစ်များတွင်လည်း အောက်ဖော်ပြပါ အချက်များကို ကန့်သတ်ခြင်းမရှိဘဲ ထည့်သွင်းပေးရမည်ဖြစ်သည်။

- နိုင်ငံတော်အဆင့်အဖွဲ့မှ ပြင်ဆင်မည့်အစီရင်ခံစာတွင် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဌာနေတိုင်းရင်းသားကိုယ်စားလှယ် အနည်းဆုံး နှစ်ဦးပါဝင်ရမည်ဖြစ်သည်။
- ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အမြင်များ၊ အစီရင်ခံစာများနှင့် ထောက်ခံချက်များကို ကောင်းမွန်စွာအသိအမှတ်ပြုရန်နှင့် ထို အစီရင်ခံစာထဲတွင် ထင်ဟပ်ဖော်ပြရမည်ဖြစ်သည်။
- သတင်းအချက်အလက်များကို ကောက်ယူရန် လုံလောက်သောအချိန်ကို ၎င်းအဖွဲ့အားပေးရမည်ဖြစ်သည်။ လုပ်ငန်းစဉ်တွင် အစောတလျှင်ပြုလုပ်ခြင်းကိုမူ ရှောင်ရှားသင့်ပေသည်။
- အချက်အလက်များကောက်ယူရာတွင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် သစ်တောမှီခိုနေသော ဒေသခံခေါင်းဆောင်များနှင့်အဖွဲ့ဝင်များပါဝင်စေရန် ပူးပေါင်းဆောင်ရွက်ပြီး ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရမည်ဖြစ်သည်။

### ၄။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာသတင်းအချက်အလက်များ စနစ်အတွက်ကောက်ယူသော သတင်းအချက်အလက်ကို အချိန်နှင့်တပြေးညီပြုစုခြင်း

ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်အတွက် ကောက်ယူသော သတင်းအချက်အလက်ကို အချိန်နှင့် တပြေးညီ ပြုစုခြင်းသည် အချက်အလက်များကွဲလွဲမှုကို ရှောင်ရှားရန် မှန်ကန်ပြီး ယုံကြည်စိတ်ချရစေမည့် အရေးကြီးသည့်အချက်ဖြစ်ပါသည်။ အချိန်နှင့်တပြေးညီပြုစုခြင်းလုပ်ငန်းစဉ်တွင် အောက်ပါအချက်အလက်များကို ကန့်သတ်မှုမရှိစေဘဲ ထည့်သွင်းပါဝင်စေရမည် ဖြစ်သည်။

- အချိန်နှင့်တပြေးညီ ပြုစုသည့် လွတ်လပ်သောအဖွဲ့အစည်းသည် ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များနှင့် သစ်တောကိုအမှီပြုသော ဒေသခံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။
- ၎င်းအဖွဲ့သည် အမျိုးသားအဆင့်နှင့် ဒေသအောက်ခြေအဆင့်တို့တွင် ပြည်သူလူထု၏ သုံးသပ်ချက်များနှင့် တွေ့ဆုံဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။
- ပြည်သူလူထု၏ သုံးသပ်ချက်များနှင့် တွေ့ဆုံဆွေးနွေးချက်များအတွက် လုံလောက်သော အချိန်ပေးရမည်ဖြစ်သည်။
- အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များ ကောက်ယူသည့်လုပ်ငန်းစဉ်တွင် လူအများစုမှပါဝင်အကြံပြုနိုင်ရန် ဌာနေတိုင်းရင်းသားဘာသာစကားများနှင့် ဒေသသုံးဘာသာစကားများဖြင့် ပြုစုပေးရမည်ဖြစ်သည်။
- သတင်းအချက်အလက်များ၏ နောက်ဆုံးအနှစ်ချုပ်တွင် ပြည်သူလူထု၏ သုံးသပ်ချက်များနှင့် တွေ့ဆုံဆွေးနွေးချက်များမှ အကြံပြုတင်ပြချက်များကို ထင်ဟပ်စေရမည်ဖြစ်သည်။

### ၅။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်သည် REDD+ ၏နောက်ဆုံးအဆင့်အတွက်သာ အကြုံးဝင်ပါသလား

ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ် သည်ပြင်ဆင်မှုအဆင့်ပါအဝင် **REDD+** ၏အဆင့်နှင့် ကဏ္ဍများအားလုံးတွင်အကြုံးဝင်ပြီး အရေးပါသောအရာဖြစ်ပါသည်။ ဤအချက်သည် **REDD+** ၏ ယေဘုယျမူဘောင်၊ လုပ်ငန်းလမ်းစဉ်နှင့် နည်းဗျူဟာများသည် ကန်ကွန်း သဘောတူညီချက်နှင့် အပြည့်အဝကိုက်ညီမှုရှိကြောင်း သေချာစေပါသည်။ ယင်းသဘောတူညီချက်မှုနှင့်အတူ နိုင်ငံတကာလူ့အခွင့်အရေးမူဘောင်များနှင့် ကနဦးအဆင့်တွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းစေသည့် အကြောင်းအရင်းများကို ကိုင်တွယ်ဖြေရှင်းရန် စံနှုန်းများပါဝင်ပါသည်။ ပြင်ဆင်မှုအဆင့်တွင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များစနစ်၏ အဓိက

အချက်များသည် မူဝါဒပြုပြင်ပြောင်းလဲမှုနှင့် အထက်ဖော်ပြပါအဓိကအချက်များနှင့်အတူ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရိုးရာအသိပညာနှင့် အခွင့်အရေးများအပေါ် အသိအမှတ်ပြုကာကွယ်ပေးသည့် လုပ်ဆောင်မှုများပါဝင်ပါသည်။ ၎င်းတွင်ပါဝင်ရမည့်အချက်များမှာ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလေ့အထများအား ရှုံ့ချပြစ်တင်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကို တရားဝင်တားမြစ်ခြင်း၊ ဌာနတိုင်းရင်းသားလူမျိုးတို့မှ ထိရောက်စွာပါဝင်ခြင်းနှင့် ကိုယ်စားပြုခြင်း၊ ၎င်းတို့၏ လူမှုဘဝများ မြင့်တင်ထောက်ပံ့ရန် အစီအစဉ်များအပါအဝင် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် ထပ်တူဖြစ်သော သစ်တောများပြန်းတီးခြင်းနှင့် သစ်တောအတန်းအစားခြင်းတို့၏ အဓိကအကြောင်းအရင်းများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ရပ်တံ့စေသည့် လုပ်ဆောင်ချက်များဖြစ်ပါသည်။

**အောက်ဖော်ပြပါ ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ AIPP ၏ ဤအဆိုတင်သွင်းချက်ကို အတည်ပြုထောက်ခံခဲ့ပါသည်။**

၁) **Association for Law and Advocacy for Pastoralists (ALAPA)** - တန်းဇန်းနီးယား။
၂) **Aliansi Masyarakat Adat Nusantara (AMAN),** အင်ဒိုနီးရှား။
၃) **Asamblea Mixe para el Desarrollo Sostenible A.C.,** မက္ကဆီကို။
၄) ဘော်ရှဒ်ခ် ဌာနေတိုင်းရင်းသား/မျိုးနွယ်စုလူမျိုးများ တိုးတက်ရေးစင်တာ **(BITPDC)** ၊ အရှေ့မြောက်ဒေသ အိန္ဒိယ။
၅) ဘော်ရှဒ်ခ်လူမျိုးများ လူ့အခွင့်အရေးအဖွဲ့ **(BPHRO)**၊ အရှေ့မြောက်ဒေသ၊ အိန္ဒိယ။
၆) **Centro para la autonomía y desarrollo de los pueblos indígenas (CADPI) – Nicaragua**
၇) ချီရာကစ်၊ ပီရူးဌာနေစာတိုင်းရင်းသားယဉ်ကျေးမှုစင်တာ။
၈) ချင်းလူ့အခွင့်အရေးအဖွဲ့မြန်မာ။
၉) နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ဥပဒေစင်တာ **(CIEL) USA**
၁၀) ကမ္ဘောဒီးယား ဌာနေတိုင်းရင်းသားလူငယ်များအဖွဲ့၊ ကမ္ဘောဒီးယား။
၁၁) ရာသီဥတုတရားမျှတရေးအစီအစဉ် ဩစတေးလျ။
၁၂) အမေရိကတိုက်များရှိ ဌာနေတိုင်းရင်းသားအမျိုးသမီးများဆိုင်ရာ တိုက်ချင်းဆက်ကွန်ယက် **(ECMIA)**
၁၃) တောင်တန်းဒေသုတေသနနှင့် ဖွံ့ဖြိုးတိုးရေးစင်တာ **(CERDA)**၊ ဗီယက်နမ်။
၁၄) တောင်ကုန်းဒေသ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးစင်တာ **(CSDM)**၊ ဗီယက်နမ်။
၁၅) သစ်တောမှီခိုလူမျိုးများအဖွဲ့ **(FPP)**၊ **UK**။
၁၆) ကျားမဖွံ့ဖြိုးရေးအသင်း **(GDA)** လာအို။
၁၇) ဌာနနေတိုင်းရင်းသား အမျိုးသမီးလူငယ်များ ကွန်ယက် **(INWYN)**၊ နီပေါ။
၁၈) ထိုင်းနိုင်ငံတောင်တန်းနေလူမျိုးများပညာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ **(IMPECT)**၊ ထိုင်းနိုင်ငံ။
၁၉) ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ ဖောင်ဒေးရှင်း **(IPF)**၊ ထိုင်းနိုင်ငံ။
၂၀) မူဝါဒသုသေသနနှင့် ပညာရေးဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ နိုင်ငံတကာစင်တာ **(TEBTEBBA)** ဖိလစ်ပိုင်။
၂၁) **REDD+**ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ လုပ်ငန်းအဖွဲ့၊ ကမ္ဘောဒီးယား။
၂၂) ဌာနေတိုင်းရင်းသားရေးရာ နိုင်ငံတကာလုပ်ငန်းအဖွဲ့**(IWGIA) Denmark**။
၂၃) ကပန်းဖောင်ဒေးရှင်း၊ ဘင်္ဂလားဒေ့ရှ်။
၂၄) ကီရက်ချန်မလင်း စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးအသင်း( **KCLCDA)**၊ နီပေါ။
၂၅) ကီရက်လူငယ်များအစည်းအရုံး **(KYS)**၊ နီပေါ။
၂၆) မာလေရာဖောင်ဒေးရှင်း၊ ဘင်္ဂလားဒေ့ရှ်။
၂၇) ဌာနေတိုင်းရင်းသား လူမျိုးများနီပေါအဖွဲ့အချုပ် **(NEFIN)**၊ နီပေါ။
၂၈) ဌာနေတိုင်းရင်းသားလူမျိုးများ **NGO** အဖွဲ့ချုပ် **(NGO FONIN)**၊ နီပေါ။
၂၉) ထိုင်းနိုင်ငံဌာနေတိုင်းရင်းသားလူမျိုးများ ကွန်ယက် **(NIPT)**၊ ထိုင်းနိုင်ငံ။
၃၀) အမျိုးသား ဌာနေတိုင်းရင်းသားအမျိုးသမီးများအဖွဲ့ချုပ် **(NIWF)**၊ နီပေါ။
၃၁) လူ့အခွင့်အရေးဆိုင်ရာ နာဂလူမျိုးများလှုပ်ရှားမှု **(NPMHR)**၊ အရှေ့မြောက်ဒေသ၊ အိန္ဒိယ။
၃၂) အာရှ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများလဲလှယ်မှု အစီအစဉ် **(NTFP-EP ASIA)**၊ ဖိလစ်ပိုင်။
၃၃) **PNG** သစ်တောဂေဟအဖွဲ့၊ ပါပွာနယူးဂီနီ။

၃၄) ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ **POINT ( Promotion of Indigenous And Nature Together)**
၃၅) လူငယ်ထုစည်းလုံးညီညွတ်ရေး လူ့ဘောင်အဖွဲ့၊ နီပေါ။
၃၆) စာရေးချုပ်လူမှုမဟာမိတ်အဖွဲ့ **(SCA)**၊ ကမ္ဘောဒီးယား။
၃၇) ဆိုနီရာ (တရားမျှတသော ကမ္ဘာ့သစ်လွင်သော ကမကထများနှင့် လှုပ်ရှားမှုများအဖွဲ့)၊ အီတလီ။
၃၈) ဌာနေတိုင်းရင်းသားလူငယ်များအဖွဲ့ချုပ် **(YFIN)**၊ နီပေါ။
၃၉) ဇိုဌာနေတိုင်းရင်းသားများအဖွဲ့ **(ZIF)**၊ အရှေ့မြောက်ဒေသ၊ အိန္ဒိယ။





**POINT နှင့် RECOFTC မှ ပူးပေါင်းစီစဉ်သည့် ရန်ကုန်မြို့ရှိ ပန်ဒါစားသောက်ဆိုင်တွင်၊ ကျင်းပသော REDD+ အကောင်အထည်ဖော်ရန်အတွက် လုံခြုံစိတ်ချမှုဆိုင်ရာ အစီအစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူများ။**


**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**
အမှတ် (၁၁၀၂)၊ ဦးအောင်ကျော်လမ်း၊
အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄။

အင်တာနက်လိပ်စာ / www.pointmyanmar.org


Promotion Of Indigenous and Nature Together
ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့


**Promotion Of Indigenous and Nature Together (POINT), Asia Indigenous Peoples Pact (AIPP) နှင့် International Work Group for Indigenous Affairs (IWGIA) တို့မှ ပူးပေါင်းထုတ်ဝေသည်။**

**AIPP: www.aippnet.orgIWGIA: www.iwgia.org**

စာသား၊ **Joan Carling and Lakpa Nuri Sherpa**
လေးအောက်၊ **Kedsarin Sinlapapaisan: AIPP Printing Press**
ဓာတ်ပုံ၊ **AIPP Archives, Puah Sze Ning and Vaing Samrith**

ဤစာတမ်းသည် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးရာ ဝန်ကြီးဌာန (DANIDA) ၏အကူအညီဖြင့် ပုံနှိပ်ထုတ်ဝေသည်။



ရှင်းလင်းချက်၊ ဤစာတမ်းပါအချက်အလက်များသည် အာရှ ဌာနေလူမျိုးများ သဘောတူညီချက်အဖွဲ့ (AIPP) နှင့် ဌာနေတိုင်းရင်းသားများရေးရာ နိုင်ငံတကာ လုပ်ငန်းအဖွဲ့တို့ (IWGIA) ၏ တာဝန်နှင့် ခံယူချက်သာဖြစ်ပြီး၊ အထက်ဖော်ပြပါ ထောက်ပံ့အဖွဲ့အစည်း၏ ရပ်တည်ချက်ကို မည်သည့်အခြေအနေမျိုးတွင်မဆို ထင်ဟပ်ခြင်းမရှိပါ။



**The printing press has been established with support from the European Union's European Instrument for Democracy and Human Rights**
European Union
AIPP PRINTING PRESS

AIPP ပုံနှိပ်စက်ဖြင့် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် ပုံနှိပ်ထုတ်ဝေသည်။